## ၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ပင်းတယမြို့နှင့်ရပ်စောက်မြို့သွားကားလမ်း၏ အနောက်ဘက်တွင်တည်ရှိပြီး ပင်းတယမြို့သို့ ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် တောင်ကုန်းတောင်တန်းဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးလမ်းကြောင်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ကြသည်။ ကျေးရွာ၏ စိုက်ပျိုးရေးအနေဖြင့် လယ်ယာလုပ်ငန်း ကိုအဓိကစိုက်ပျိုးပြီး ရာသီအလိုက် သီးနှံများ စိုက်ပျိုးခြင်းတို့မှာ အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိက အားထားရာဖြစ်သည်။

## ၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်

လယ်မြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူများသည် ထွက်ရေဖြင့်ရေသွင်းစိုက်ပျိုးနိုင်သည်။

မြေအောက်ရေအသုံးပြုမှုနည်းပါသည်။ထွန်ယက်စိုက်ပျိုးနိုင်သည် ဧက (၁၀၀)ဧကရှိပြီး စပါးနှင့် ပြောင်း၊ကြက်သွန်နီ၊ကြက်သွန်ဖြူများကိုအဓိကစိုက်ပျိုးကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်နည်းပညာပေးသည့်လုပ်ငန်းများ၊UNDPချေးငွေလုပ်ငန်းများ၊သမဝါယမချေး ငွေလုပ်ငန်းများဖွဲ့စည်းထားရှိပါသည်။ ကျေးရွာအတွက် အသေးစား ငွေကြေးအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစား ငွေစုငွေချေးလုပ်ငန်းကို လည်ပတ် ဆောင်ရွက်ရာတွင် ဆောင်ရွက်မှုအား နည်းလာသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်း များစွမ်းဆောင်ရည် မြှင့် တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် လယ်ယာလုပ်ငန်းကို အဓိကစိုက်ပျိုးကြသည်။ ကျေးရွာ၏အိမ်ခြေမှာ(၁၀၀)ရှိပြီးရေထွက်လည်းရှိပါသည်။၎င်းရေထွက်မှဧက(၁၀၀)လယ်များသို့ရေ များသွင်းယူစိုက်ပျိုးလုပ်ကိုင်ကြပါသည်။အာလူး၊မုန်ညှင်းနှင့်ရွှေပဲတို့ကိုလည်းစိုက်ပျိုးကြသည်။စိုက် ပျိုးရေးပေါ်များခြင်းကြောင့်စိုက်ပျိုးရေးလုပ်ကိုင်ရာတွင်အဆင်ပြေချောမွေ့ပြီးစီးပွားရေးလည်းကောင်းမွန်ပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

| ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် | | | | | | |
|---|---|---|---|---|---|---|
| စဉ် | ပြဿနာ | အကြောင်းအရာ | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
| ၁ | မိုးရာသီတွင်မြေသားလမ်းဖြစ်ခြင်းတို့ကြောင့်သွားလာမှုခက်ခဲခြင်း | မြေသားလမ်းဖြစ်ခြင်းတို့ကြောင့်သွားလာမှုမလွယ်ကူခြင်း | မြေသားလမ်းအဖြစ်မှကျောက်ချောလမ်းအဖြစ်သို့လျှင်ကျေးရွာမှလူထုအင်အားပါဝင်နိုင်မည် | ကျေးရွာမှရန်ပုံငွေမရှိခြင်းတို့ကြောင့်အခက်အခဲရှိပါသည် | ကျေးရွာမှလူထုလုပ်အားအပြည့်အဝပေးသွားမည် | ကျေးရွာအတွင်းတွင်လမ်းအတွက်ကျောက်ချောလမ်းလိုအပ်ခြင်း၊တံတားနှင့်ရေပြွန်(၁၀)ပြွန်များလိုအပ်ခြင်း၊လမ်းပေအရှည်(၁၀၀၀')ခန့် ရှိပါသည် |
| ၂ | မူကြိုကျောင်းမရှိခြင်းတို့ကြောင့်ကလေးသူငယ်များအသိဉာဏ်နည်းပါးခြင်း၊ဖွံ့ဖြိုးမှုအသိဉာဏ်နောက်ကျခြင်း | အဆောက်အဦမရှိခြင်း | မြေနေရာမရှိခြင်း | မူကြိုကျောင်းဆောက်ရန်ငွေမရှိခြင်း | မူကြိုကျောင်းအတွက်ကျေးရွာမှလုပ်အားအပြည့်အဝပေးမည် | ကျောင်းပေအရှည်(၂၅ပေ)-အနံ (၂၀ပေ)-အမြင့် |
| ၃ | ရွာအစွန်အဖျားထိဓာတ်တိုင်နှင့်ဓာတ်ကြိုးများလိုအပ်ခြင်း၊လျှပ်စစ်မီးမရ၍ခက်ခဲခြင်း | မီးရရှိပြီးအိမ်ခွဲအိုးခွဲလူငယ်များနောက်မှတည်ဆောက်ခြင်း | ကျေးရွာ၏ထရမ်စဖော်မာအိုးမှဓာတ်အားများပိုလျှံသဖြင့်၄င်းအိမ်များသို့မီးအားများပို့နိုင်ခြင်း | ၄င်းနောက်တိုးအိမ်မှာငွေကြေးမတတ်နိုင်မှုကြောင့်ဓာတ်တိုင်များမပြည့်စုံခြင်း | ကျေးရွာမှဓာတ်တိုင်များဆောက်လုပ်ရာတွင်လုပ်အားအပြည့်အဝပေးသွားမည် | ဓာတ်တိုင်(၁၀)တိုင်နှင့်ကြိုးပေ(၁၀၀၀)ခန့်လိုအပ်ပါသည် |

